

၂၀၁၉ ခုနှစ်၊ ပထမနှစ်ဝက်အတွင်း

# လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့် အခြေအနေ အစီရင်ခံစာ

အသံ – လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်လှုပ်ရှားမှုအဖွဲ့

2019 Mid-year Report on


# Status of Freedom of Expression in Myanmar

Athan – Freedom of Expression Activist Organization

*အသံအဖွဲ့သည် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်နှင့်ပတ်သက်သော သုတေသန၊ အသိပညာဖြန့်ဝေခြင်း နှင့် စည်းရုံးလှုံ့ဆော်ခြင်းလုပ်ငန်းများကို တစိုက်မတ်မတ်ဆောင်ရွက်နေသည့် လူငယ်များဖြင့် ဖွဲ့စည်းထားသော အရပ်ဘက် အဖွဲ့အစည်းဖြစ်သည်။ ဤစာတမ်း၏ ရည်ရွယ်ချက်မှာ မြန်မာနိုင်ငံ ၏ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့် အခြေအနေကို လူအများနားလည်သိရှိရန်၊ ပြည်သူများ၏ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို ကာကွယ်ရန်နှင့်၊ မြှင့်တင်ရန်တို့ ဖြစ်သည်။*

*Athan is a youth-led civil society organization dedicating to freedom of expression by conducting research, advocacy works and public education. This mid-year report intends to shed light on the status of freedom of expression in Myanmar as well as to protect and promote right to freedom of expression of the general population in Myanmar.*





# နိဒါန်း

၂၀၁၉ ခုနှစ်၏ ပထမ ၆ လအတွင်းမှာပင် တက်ကြွလှုပ်ရှားသူများ၊ ကျောင်းသားများ၊ သတင်းသမားများ၊ အနုပညာရှင်များ၊ မိမိ လယ်ယာ/မြေအရေး အတွက် ရင်ဆိုင်တိုက်ပွဲဝင်နေသူများ၊ ဒစ်ဂျစ်တယ်ပလက်ဖောင်းတွင် ကိုယ်ပိုင်အမြင် ဝေဖန်ရေးသားသူများ စသည့် အရပ်သားပြည်သူ **စုစုပေါင်း ၂၅၀ ဦးနှင့်အထက်** သည် ဥပဒေ၊ ပုဒ်မအမျိုးစုံပါဝင်သည့် **အမှုတွဲပေါင်း ၇၀ ကျော်**ဖြင့်တရားစွဲဆိုခံခဲ့ရသည်။ အချို့နစ်နာသူများသည် အာမခံမရရှိဘဲ ထောင်အချုပ်ဖြင့် တရား ရင်ဆိုင်နေရဆဲဖြစ်ပြီး အချို့အမှုများမှာ ပြစ်ဒဏ်ချမှတ်ခံရပြီးဖြစ်သည်။ ထို့အပြင် ပွဲအခမ်းအနားများ ပိတ်ပင်ခံရခြင်း၊ ဆန္ဒထုတ်ဖော်မှု ပိတ်ပင်/တားမြစ်ခံရခြင်း၊ အင်တာနက်ဖြတ်တောက်ခံရခြင်း၊ သတင်းရယူခွင့် ပိတ်ပင်ခံရခြင်း၊ သတင်းအချက်အလက် စီးဆင်းဖြန့်ကျက်မှု ကန့်သတ်ခံရခြင်း၊ စသည့် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့် ချိုးဖောက်ခံရမှု အမြောက်အများကို မြန်မာပြည်သူများ ကြုံတွေ့ခံစားနေရသည်။

သုတေသနထုံး


အသံအဖွဲ့သည် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို အဟန့်အတားဖြစ်စေသော ဥပဒေများဖြင့် တရားစွဲဆိုခြင်း အပါအဝင် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့် ချိုးဖောက်မှုများကို လေ့လာမှတ်တမ်းတင်လျှက်ရှိသည်။ အဆိုပါ မှတ်တမ်းများကို ပြန်လည်ဆန်းစစ်၍ ကောက်ချက်ချမှုများ ဂရုတစိုက်လုပ်ဆောင်ကာ ဤသုတေသနစာစောင်အား ပြုစုထားခြင်းဖြစ်သည်။ ဤသုတေသနစာတမ်း၏ လွှမ်းခြုံအချိန်ကာလမှာ ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီ ၁ ရက်နေ့ မှ ဇွန်လ ၃၁ရက်နေ့အထိဖြစ်သည်။ တစ်ဆက်တည်းသော အမှုတွဲစောင့်ကြည့်မှုများ၊ တစ်ဆက်တည်းမဟုတ် သော တရားရုံးစောင့်ကြည်သူများ၊ ဆန္ဒထုတ်ဖော်ပွဲများနှင့် ဖြိုခွင်းခံရမှုများ၊ သက်ဆိုင်သူများကို သုတေသန အင်တာဗျူးမေးမြန်းသူများ၊ ကျွမ်းကျင်သူများ/ ဥပဒေပညာရှင်များနှင့် တိုင်ပင်ဆွေးနွေးခြင်းတို့မှ ရရှိလာသော အချက်အလက်များကို ထည့်သွင်း၍လည်း အပြီးသတ်ကောက်ချက်ချမှုများ ပြုလုပ်ထားပါသည်။

ဤစာတမ်းတွင် သုတေသနလွှမ်းခြုံကာလဖြစ်သည့် ခြောက်လအတွင်းဖြစ်ပွားခဲ့သော လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့် ချိုးဖောက်ခံရမှုများထဲမှ တည်ဆဲဥပဒေများဖြင့် တရားစွဲဆိုခံခဲ့သည့် အမှုများနှင့် ဆက်စပ်အချက်အလက်များကို ရွေးထုတ်ကာ “အရေးအတွက်ပြ ခွဲခြမ်းစိတ်ဖြာနည်း” အားဖြင့် သုံးသပ်ဖော်ပြထားပါသည်။

ဤအစီရင်ခံစာပါဓာတ်ပုံများ - Myanmar Press Agency

# သတင်းမီဒီယာများတရားစွဲဆိုခံရမှု

၂၀၁၉ ခုနှစ်၊ ပထမ ဖြလတွင် သတင်းရယူမှု၊ ဖော်ပြမှု၊ ဖြန့်ဝေမှုများကြောင့် သတင်းထောက်များ၊ အယ်ဒီတာများ **တရားစွဲဆိုခံရမှု ၈ မှု ရှိပြီး စုစုပေါင်း သတင်းသမား ၁၁ ဦး** တရားစွဲဆိုခံခဲ့ရသည်။





## တရားစွဲဆိုသူများ

သတင်းမီဒီယာများတရားစွဲဆိုခံရမှု ၈ မှုတွင် တပ်မတော်က တရားစွဲဆိုမှု ၃မှု ပါဝင်သည်။ ရဲတပ်ဖွဲ့က တရားစွဲဆို မှု ၂ မှု ပါဝင်ပြီးအဆိုပါ ၂မှုအနက်တစ်ခုမှာ အထူးရဲတပ်ဖွဲ့(Special Branch) က တရားစွဲဆိုထားခြင်းဖြစ်သည်။ စီးပွားရေးလုပ်ငန်းအား သတင်းဖော်ထုတ်ရေးသားခဲ့သည့် သတင်းသမား ၃ ဦးကို လုပ်ငန်းရှင်က တရားစွဲဆိုမှုလည်း ရှိသည်။

## တရားစွဲဆိုသည့်ပုဒ်မများ

သတင်းသမားများကို တရားစွဲဆိုရာတွင် ဆက်သွယ်ရေး ဥပဒေကို အသုံးပြုမှုအများဆုံးဖြစ်သည်။ တပ်မတော်က အပါအဝင်က အဘက်ဘက်က တရားစွဲဆိုရာတွင် သတင်းမီဒီယာဥပဒေနှင့်အညီ တရားစွဲဆိုခြင်းမပြုခဲ့သည်ကို တွေ့ရှိရပါသည်။









ပုံ - သတင်းထောက်ကိုနန္ဒအား တရားရုံးချိန်းတစ်ခု၌ တွေ့ရစဉ်။

ချန်နယ်မန္တလေးသတင်းထောက် ကိုနန္ဒသည် မေလ ၁၅ ရက်နေ့၌ မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ အောင်သပြေကျေးရွာဆန္ဒပြပွဲသို့ သတင်းသွားရောက်ရယူခဲ့စဉ်တွင် ရဲတပ်ဖွဲ့၏ ဖမ်းဆီးခြင်းကို ခံခဲ့ရသည်။ ရဲတပ်ဖွဲ့က သတင်းမီဒီယာဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ခြင်းမရှိဘဲ ရာဇဝတ်မှု ပုဒ်မများစွာဖြင့် ကိုနန္ဒကို အမှုဖွင့်တရားစွဲဆိုထားသည်။

# ဆက်သွယ်ရေးဥပဒေ ဖြင့် တရားစွဲဆိုခံရမှုများ




## ၂၆ မှု | ၄၀ ဦး

ယခုနှစ်၏ ပထမ ၆ လတာ ကာလအတွင်း ဆက်သွယ်ရေး ဥပဒေကို အသုံးပြု၍ တရားစွဲဆိုမှုများ **၂၆ မှု** ရှိခဲ့ပြီး တရားစွဲဆိုခံရသူ **၄၀ ဦး** ရှိခဲ့ပါသည်။

## အမြင့်ဆုံးပြစ်ဒဏ်

ဒေသအရေး တက်ကြွလှုပ်ရှားသူ ဦးအောင်ဆန်းဦးအား ၎င်း မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ်ကို အွန်လိုင်းတွင် ဝေဖန်ရေးသားခဲ့သဖြင့် ဥပဒေ၏ အမြင့်ဆုံး ပြစ်ဒဏ်ဖြစ်သော ထောင်ဒဏ် ၂ နှစ်ကျခံရန် တရားရုံးက အမိန့်ချမှတ်ခဲ့သည်။

## နိုင်ငံရေးဝေဖန်မှု

အစိုးရ၊ တပ်မတော်နှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာဝန်ထမ်းများကို အွန်လိုင်းတွင် ဝေဖန်ရေးသား သဖြင့်တရားစွဲခံရမှုမှာ အမြင့်ဆုံးဖြစ်သည်။ အရပ်သားပြည်သူများ၊ တက်ကြွလှုပ်ရှားသူများနှင့် သတင်းမီဒီယာတို့သည် အများဆုံးတရားစွဲဆိုခံခဲ့ရသည်။


# “ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေ” ဖြင့်တရားစွဲဆိုခံရမှုများ

**ငြိမ်းစုစီဥပဒေဖြင့်တရားစွဲဆိုခံရမှု ၇ မှု**

**စုစုပေါင်းတရားစွဲဆိုခံရသူ ၄၃ ဦး**

ခြောက်လအတွင်း ငြိမ်းစုစီဥပဒေဖြင့် တရားစွဲဆိုခံရမှုများ ၇ မှုရှိသည်။ အမှုအားလုံးကို သက်ဆိုင်ရာ မြို့နယ်ရဲစခန်းများက ငြိမ်းစုစီဥပဒေပါ ပုဒ်မ ၁၉ ဖြင့် တရားစွဲဆိုခဲ့ခြင်း ဖြစ်သည်။

၂၀၁၉ ခုနှစ်၊ မေလအတွင်း ရန်ကုန်မြို့တွင် တက်ကြွလှုပ်ရှားသူလူငယ်များဦးဆောင်ကာ ငြိမ်းချမ်းရေးတောင်းဆိုသော ဆန္ဒထုတ်ဖော်ပွဲတစ်ခု ပြုလုပ်ခဲ့သည်။ ယင်းသို့ဆန္ဒထုတ်ဖော်ခဲ့မှုအတွက် လူငယ် ၇ ခုနှစ်ဦးသည် ပန်းပဲတန်းမြို့နယ်ရဲစခန်း၏ တရားစွဲဆိုခြင်းကို ခံခဲ့ရသည်။ အလားတူစွာပင် ငြိမ်းချမ်းရေးတောင်းဆိုဆန္ဒပြသော ကချင်ပြည်နယ်မှ လူငယ်နှစ်ဦးသည်လည်း အဆိုပါ လအတွင်းပင် တရားစွဲဆိုခံခဲ့ရသည်။




၆ လအတွင်း ငြိမ်းစုစီဥပဒေဖြင့်တရားစွဲဆိုခံရမှုအများဆုံးမှာ ဗိုလ်ချုပ်ကြေးရုပ်စိုက်ထူမှုကို ဆန့်ကျင်ခဲ့သည့် ကရင်နီလူငယ် ခေါင်းဆောင်များဖြစ်သည်။ ဝန်ကြီးချုပ်နှင့်ညှိနှိုင်းခဲ့သည့် ဖေဖော်ဝါရီလ၊ ၁၂ရက်နေ့ နောက်ပိုင်းတွင် ပြည်နယ်အစိုးရက အမှုများ ရုပ်သိမ်းပေးခဲ့သည်။






# “ရာဇသတ်ကြီးဥပဒေပုဒ်မ ၅၀၅ (က)၊ (ခ)၊ (ဂ)” ဖြင့်တရားစွဲဆိုခံရမှုများ

| | |
|---|---|
| ပုဒ်မ ၅၀၅ (က) ဖြင့် တရားစွဲဆိုခံရခြင်း | ၄ မှု ၂၆ ဦး |
| ပုဒ်မ ၅၀၅ (ခ) ဖြင့် တရားစွဲဆိုခံရခြင်း | ၆ မှု ၂၃ ဦး |
| ပုဒ်မ ၅၀၅ (က)+(ခ) ဖြင့်တရားစွဲဆိုခံရခြင်း | ၁ မှု ၁ ဦး |

၂၀၁၉ခုနှစ်၊ ပထမ ၆ လအတွင်း ပြစ်မှုဆိုင်ရာ ရာဇသတ်ကြီးဥပဒေ **ပုဒ်မ ၅၀၅ (က)၊ (ခ) များဖြင့် တရားစွဲဆိုခံရမှုများ ၁၁ မှု ဖြစ်ပွားခဲ့ပြီး စုစုပေါင်း ၅၀ ဦး တရားစွဲဆိုခံခဲ့ရသည်** ကို တွေ့ရှိခဲ့ရပါသည်။ ပုဒ်မ ၅၀၅ (ဂ) ကို အသုံးပြု၍ တရားစွဲဆိုမှုများကို ၂၀၁၈ ခုနှစ်အတွင်းက တွေ့ရှိခဲ့ရသော်လည်း ယခုနှစ် ပထမနှစ်ဝက်တွင် မတွေ့ရှိခဲ့ရပါ။





ရာဇသတ်ကြီးဆိုင်ရာဥပဒေ ပုဒ်မ (က)၊ (ခ) တို့ဖြင့် တရားစွဲဆိုမှု ၁၁ ခုတွင် အစိုးရက တရားစွဲဆိုမှု ၃ မှု၊ တပ်မတော်က တရားစွဲဆိုမှု ၇ မှုနှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီက တရားစွဲဆိုထားမှု ၁ မှု တို့ရှိပါသည်။ အစိုးရက တရားစွဲဆိုရာတွင် ရာဇသတ်ကြီးပုဒ်မ ၅၀၅ (ခ) ကို အသုံးပြုတရားစွဲဆိုပြီး တပ်မတော်က တရားစွဲဆိုရာတွင် ရာဇသတ်ကြီးပုဒ်မ ၅၀၅ (က) နှင့် ၅၀၅ (ခ) နှစ်ခုကို အသုံးပြုပြီး တရားစွဲဆိုသည်ကိုတွေ့ရှိရပါသည်။ တပ်မတော်က ဆရာတော်ဦးသောဘိတအား ရာဇသတ်ကြီး ပုဒ်မ ၅၀၅(ခ) ဖြင့်တရားစွဲဆိုခဲ့သည့်အမှုကို သက်ဆိုင်ရာမြို့နယ်တရားရုံးများက ရုတ်သိမ်းပလပ်ပေးခဲ့ပါသည်။ ဖွဲ့စည်းပုံပြင်ဆင်ရေးနှင့် အခြားသောနိုင်ငံရေးအခြေအနေများကို ရန်ကုန်တိုင်းဒေသကြီး၊ အဖျောက်မြို့နယ်တွင် ဟောပြောခဲ့သည့် ယခုအချိန်တွင် အချုပ်နှင့်တရားရင်ဆိုင်နေရသော ဦးနေမျိုးဇင် ကို တပ်မတော်က ရာဇသတ်ကြီး ပုဒ်မ ၅၀၅(က) နှင့်ရော ပုဒ်မ ၅၀၅ (ခ) ဖြင့်ပါ တရားစွဲဆိုခဲ့သည်။

# “နိုင်ငံသားများ၏ပုဂ္ဂိုလ်ဆိုင်ရာလွတ်လပ်ခွင့်နှင့်ပုဂ္ဂိုလ်ဆိုင်ရာလုံခြုံမှုကို ကာကွယ်ပေးရေးဥပဒေ” ဖြင့်တရားစွဲဆိုခံရမှုများ

အမြင့်ဆုံးထောင်ဒဏ် ၃ နှစ်အထိ ကျခံရနိုင်သည့် နိုင်လွတ်လုံဥပဒေကို ၂၀၁၇ ခုနှစ်၊ မတ်လတွင်ပြဌာန်းခဲ့ပြီး ယင်းဥပဒေကို အသုံးပြု၍ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့် ချိုးဖောက်မှုများသည် တဟုန်ထိုး မြင့်တက်လာခဲ့သည်။ ဤဥပဒေဖြင့် **တရားစွဲဆိုခံရမှုများ ၂၈ မှုရှိပြီး ၂၁ မှုသည် ၂၀၁၉ ခုနှစ်၊ ပထမ ၆ လအတွင်း ဖြစ်ပွားခဲ့သည်** ကို လေ့လာတွေ့ရှိရပါသည်။ လူပေါင်း ၇၈ ဦးသည် ၆ လ အတွင်း တရားစွဲဆိုခံခဲ့ရသည်။

**၂၁ မှု**
**၇၈ ဦး**





## လအလိုက်တရားစွဲဆိုခံခဲ့ရမှုများ

၂၇ လ သာသက်တမ်း ရှိသေးသည့် နိုင်လွတ်လုံ ဥပဒေ ဖြင့် တရားစွဲဆိုခံရမှုများ တရိပ်ရိပ် မြင့်တက်လာခဲ့ပြီး ၂၀၁၉ခုနှစ်၊ ပထမ ၆ လတွင် သိသိသာသာ မြင့်တက်ခဲ့သည်ကို တွေ့ရှိရပါသည်။

နိုင်လွတ်လုံဥပဒေဖြင့်တရားစွဲဆိုခံရမှု အများဆုံးမှာ အရပ်သားပြည်သူများ ဖြစ်သည်။ အွန်လိုင်းတွင် ထုတ်ဖော်ရေးသားမှုမှ စတင်၍ နိုင်ငံတော် အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်သက်ဆိုင်ရာကို မိမိနစ်နာမှုများ တိုင်ကြားသည့်အဆုံး ဤဥပဒေဖြင့်တရားစွဲဆိုခံနေရသည်။ ဗိုလ်ချုပ်အောင်ဆန်းအား အွန်လိုင်းတွင် ဝေဖန်ခဲ့သူတစ်ဦးကို “အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ”ဝင် တစ်ဦးက နိုင်လွတ်လုံဥပဒေဖြင့် တရားစွဲဆိုခဲ့သည်ကိုလည်း တွေ့ရှိခဲ့ရပါသည်။

## တရားစွဲဆိုခံရသူအမျိုးအစားများ




## ကြားလူများက တရားစွဲဆိုခြင်း

ဥပဒေဆိုင်ရာအားနည်းချက်နှင့် အငြင်းပွားဖွယ်များစွာပါရှိသော ဤဥပဒေကိုအသုံးပြု၍ တရားစွဲဆိုကြရာတွင် ဝေဖန်ခံရသူ ကိုယ်တိုင်မဟုတ်ဘဲ ကြားလူကတရားစွဲဆိုမှုများလည်း ရှိသည်။ ကယားပြည်နယ်ဝန်ကြီးချုပ် ဝေဖန်ခံခဲ့ရချိန်တွင် ဝန်ကြီးချုပ်မဟုတ်သူတစ်ဦးက ဝေဖန်သည့် တက်ကြွလှုပ်ရှားသူများအား တရားစွဲဆိုခဲ့သည်။

# အခြားသော ထင်ရှားသည့် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ချိုးဖောက်ခံရမှုများ

## အင်တာနက်ဖြတ်တောက်ခံရခြင်း

တပ်မတော်နှင့် ရက္ခိုင့်တပ်မတော်(AA)တို့အကြား စစ်ပွဲဖြစ်ပွားနေသော ရခိုင်ပြည်နယ်ရှိအချို့မြို့နယ်များနှင့် ချင်းပြည်နယ်ရှိ အချို့မြို့နယ်များအပါအဝင် စုစုပေါင်း မြို့နယ် ၉ ခုတွင် အင်တာနက်လိုင်းများ ဇွန်လ ၂၁ ရက်နေ့မှ စတင်ကာ ဖြတ်တောက်ခံခဲ့ရသည်။ ယင်းကဲ့သို့ အင်တာနက်ဖြတ်တောက်ရန် ဆက်သွယ်ရေးဥပဒေပုဒ်မ (၇၇) အရ ပြည်ထောင်စုအစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနက ဆက်သွယ်ရေး အော်ပရေတာများကို ညွှန်ကြားခဲ့ခြင်းဖြစ်သည်။

## ဖွင့်ချ၊ ဖော်ထုတ်ခြင်း(Whistleblowing) အတွက် အကန့်အသတ်၊ အတားအဆီးများ

ဧရာဝတီတိုင်း၊ မအူပင်မြို့နယ်သို့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်လာရောက်စဉ် ဒေသခံတစ်ဦးက မြေယာနစ်နာမှုများအကြောင်း တိုင်ကြားတင်ပြခဲ့ရာ တိုင်ကြားသူကို မြေယာကိစ္စတွင်ပါဝင်ပတ်သက်နေသည့် လုပ်ငန်းရှင်က နိုင်လွတ်လုံ့ဥပဒေဖြင့် တရားစွဲဆိုခဲ့သည်။ အဆိုပါဒေသအတွင်း ဒေသခံများ၏ မြေယာသိမ်းဆည်းခံရမှုအများအပြားတွင်လည်း သိမ်းဆည်းခံရမှုအကြောင်း ထုတ်ဖော်ခဲ့သူများကို လုပ်ငန်းရှင်များက တရားစွဲဆိုမှုများစွာရှိနေသည်။


မြေယာအငြင်းပွားမှုတစ်ခုအား ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကော်မတီတစ်ခုသို့ ဒေသခံ ၁၁ ဦး နှင့် နိုင်ငံရေးပါတီဝင် ၆ ဦးတို့က ဇန်နဝါရီလအတွင်းက တိုင်ကြားခဲ့သည်။ တိုင်ကြားမှုကြောင့် အဆိုပါကော်မတီတွင် ပါဝင်သော လွှတ်တော်အမတ်ဒေါ်သန္တာမိုးသည် တိုင်ကြားသူ ၁၇ အား နိုင်လွတ်လုံ့ဥပဒေဖြင့် အမှုဖွင့်တရားစွဲဆိုခဲ့သည်။

## ဖမ်းဆီးခံထားရသူ အကျဉ်းထောင်အတွင်း သေဆုံးခြင်း

မန္တလေးတိုင်းဒေသကြီး၊ အောင်သပြေကျေးရွာရှိ အငြင်းပွားဖွယ် ဘီလပ်မြေစက်ရုံနှင့်ပတ်သက်၍ ဆန္ဒပြသည့် ဒေသခံရွာသား ၅၀ ဦးကျော်ကို ရဲတပ်ဖွဲ့က ဥပဒေပုဒ်မအများအပြားဖြင့် အမှုဖွင့်ထားရသည်။ အမှုဖွင့်ခံထားရသူများအနက်မှ ဇွန်လ ၂ ရက်နေ့တွင် ရဲတပ်ဖွဲ့၏ ဖမ်းဆီးခံခဲ့ရသူ ကိုထွန်းမြင့်ဝင်းသည် မန္တလေးအိုးဘိုအကျဉ်းထောင်အတွင်း ဇွန်လ ၅ ရက်နေ့၌ ကွယ်လွန်ခဲ့သည်။ ကွယ်လွန်သူမိသားစုက ကိုထွန်းမြင့်ဝင်း၏ ခန္ဓာကိုယ်ကို ပြန်လည်ရရှိခဲ့ချိန်တွင် ဖူးယောင်ဒဏ်ရာများစွာရှိပြီး ယင်းသည် ရိုက်နှက်၊ နှိပ်စက်ခံခဲ့ရသည့် အခြေအနေဖြစ်သည်။

## ဗိုလ်ချုပ်အောင်ဆန်းကြေးရုပ်အငြင်းပွားမှု၏နောက်ဆက်တွဲအခြေအနေ

ကယားပြည်နယ်၊လွိုင်ကော်မြို့အတွင်း ဗိုလ်ချုပ်ကြေးရုပ်စိုက်ထူရန်အစီအစဉ်နှင့်ပတ်သက်၍ ၂၀၁၈ ခုနှစ်အတွင်းကစ၍ ဒေသခံများနှင့် ပြည်နယ်အစိုးရအကြား ပဋိပက္ခများစတင်ဖြစ်ပွားခဲ့သည်။ ဒေသခံများက ဆန္ဒထုတ်ဖော်မှုအကြိမ်ကြိမ်ပြုလုပ်ခဲ့ပြီး ပြည်နယ်အစိုးရကလည်း ဆန္ဒပြခေါင်းဆောင်များကို ငြိမ်းစုစီဥပဒေ၊ ရာဇသတ်ကြီးဥပဒေပုဒ်မ ၅၀၅ (ခ)၊ (ဂ) တို့ဖြင့် တရားစွဲဆိုမှုများရှိခဲ့သည်။ ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလအတွင်း ဒေသခံ ၃၀၀၀ ကျော်ဆန္ဒပြမှုအပြီးတွင် နှစ်ဘက်ဆွေးနွေးညှိနှိုင်း သဘောတူညီမှုဖြင့် အစိုးရက တရားစွဲဆိုမှုများ ပြန်လည်ရုတ်သိမ်းခဲ့သည်။ နောက်ပိုင်းတွင် ကြေးရုပ်ကိစ္စညှိနှိုင်းမှု မပြေလည်သည့်အပြင် ပြည်နယ်ဝန်ကြီးချုပ်ကို ကြေညာချက် ထုတ်ပြန်ခဲ့သည့် လူငယ်ခေါင်းဆောင် ၆ ဦးအား ပြည်နယ်အစိုးရအဖွဲ့က နိုင်လွတ်လုံ့ဥပဒေဖြင့် တရားစွဲဆိုခဲ့သည်။




၂၀၁၉ ခုနှစ်၊ ပထမနှစ်ဝက်အတွင်း လအလိုက်တရားစွဲဆိုခံမှုများ
(အချိန်ကာလအတည်ပြု၍ရသော အမှုပေါင်း ၆၅ မှုကိုသာ အခြေခံတွက်ချက်ထားသည်)

## ဥပဒေဆိုင်ရာအကြံပြုချက်များ

၁။ အမြန်ဆုံးဖျက်သိမ်းသင့်သော ဥပဒေများ

ဆက်သွယ်ရေးဥပဒေ ပုဒ်မ ၆၆(ဃ)၊ ၆၈(က)၊ ၇၇၊ ၇၈။

နိုင်ငံသားများ၏ပုဂ္ဂိုလ်ဆိုင်ရာလွတ်လပ်ခွင့်နှင့်လုံခြုံမှုကိုအကာအကွယ်ပေးရေးဥပဒေ ပုဒ်မ ၈(စ)။

အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေ။

ရာဇသတ်ကြီးဥပဒေ ပုဒ်မ ၁၂၄(က)၊ ၅၀၅(က)၊ ၅၀၅(ခ)။


၂။ ဒီမိုကရေစီနှင့်လူ့အခွင့်အရေးစံနှုန်းများနှင့်အညီ ပြင်ဆင်/ပြဌာန်းသင့်သော ဥပဒေများ

အသရေဖျက်မှုဥပဒေများ၊ ပုဒ်မများအားလုံးကို ရာဇဝတ်မှုဆိုင်ရာဥပဒေအဖြစ်မှ တရားမမှုဆိုင်ရာဥပဒေများအဖြစ် ပြင်ဆင်ပြဌာန်းသင့်သည်။

ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် စီတန်းလှည့်လည်ခြင်းဆိုင်ရာဥပဒေကို အမြန်ဆုံးပြင်ဆင်သင့်သည်။

ပြည်သူများ၏ ရပိုင်ခွင့်နှင့် ဒစ်ဂျစ်တယ်လုံခြုံရေးကို ကာကွယ်နိုင်ရန်အတွက် ဆိုက်ဘာဥပဒေ (Cyber Law) ကို ပြဌာန်းသင့်သည်။

သတင်းအချက်အလက်များရယူပိုင်ခွင့်ဥပဒေ (Right to Information Law) ကိုပြဌာန်းသင့်ပြီး မြန်မာနိုင်ငံအစိုးရ လျှို့ဝှက်ချက်အက်ဥပဒေကို ဖျက်သိမ်းသင့်သည်။



# Executive Summary

During the first six months of 2019, more than 250 people from different walks of lives – activists, students, journalists, artists, land-rights activists as well as citizens practicing their online free expression rights faced more than 70 lawsuits charged under different legislations and regulations. Among them, some are in jail waiting for trials without getting bails and some are already sentenced to long-term imprisonment. Besides, the general population in Myanmar encounters wide range of restrictions on their right to freedom of expression, including barring the events/ceremonies, restricting right to assembly and procession, shutting down internet connection, banning access to information and obstructing dissemination of news and information.

**Research Methodology**


Athan monitors and documents the incidents of free expression violations including the legal cases filed under the laws hindering the right to free expression. Athan conducted specific case studies, observed the judicial proceedings, protests and crackdowns. Interviews with all parties concerned and consultations with legal experts took place to support the research conclusions.

The quantitative research method was applied in this research to analyze the legal cases during the research period and relevant supporting data. This report is an outcome of a thorough review process on all the collected data, and the report covers six months between January 1, 2019 and June 31, 2019.

Photo credit - Myanmar Press Agency

# Complaints against Media and Journalists

During the first six months, there are **8 cases charged against 11 journalists and editors** regarding the journalistic works of news gathering, publishing and distribution.




## Plaintiffs

Among these 8 cases, the military lodged three complaints, the police lodged two complaints and police of Special Branch lodged two complaints. Local business owners also filed charges against three journalists for their news coverage.

## Laws applied in the charges

Telecommunications Law is mostly used to charge against journalists while no legal charge was found being filed in accordance with News Media Law.






Photo - Reporter Ko Nandar seen in a court appearance.

Ko Nandar who works for Channel Mandalay news agency was arrested by police when he was convering a protest in Aung Tha Byay village, Pathein Gyi township in Mandalay on May 15. Police charged against him with criminal offences instead of provisions in News Media Law.




# Application of Telecommunications Law for Prosecutions


*Monthly charges*




*Classification of defendants*




*The issues for being charged*




## 26 cases and 40 individuals

During the first six months, the Telecommunications Law was applied in 26 lawsuits against 40 individuals.

## Maximum Penalty

The court has sentenced two years in prison to a community activist U Aung San Oo – a maximum penalty by that law- for criticizing a member of parliament on the online platform.

## Political Criticism

The ordinary citizens, activists and journalists have faced higher number of online defamation charges for criticizing the military, members of parliament, the military representatives in the parliament and civil servants.


# Application of Peaceful Assembly and Peaceful Procession Law for Prosecution

Number of cases charged with Peaceful Assembly and Peaceful Procession law is **7**


Number of individuals charged with Peaceful Assembly and Peaceful Procession Law is **43**

There are altogether 7 cases charged with Peaceful Assembly and Peaceful Procession Law in the past six months. All cases were filed with Section 19 of Peaceful Assembly and Peaceful Procession Law in respective township police stations.

On May 2019, a group of youth activists organized a peaceful protest in Yangon to call for peace in Myanmar. Then, Pabaden township police station of Yangon Region filed charges against seven youth activists. In the same month, two Kachin Youth activists were charged similarly for staging a protect for peace.




During the research period, most of the individuals charged by PAPP law are Karenni youth activists who protested against a plan to install General Aung San statute in Kayah State. The State government later dropped charges after a negotiation between the youth activists and the Chief Minister of Kayah State in February.






# Application of Penal Code Section 505 (a), (b), (c) for Prosecution

| | |
|---|---|
| Section 505 (a) was applied **four times** to charge | **26** Individuals |
| Section 505 (b) was applied **six times** to charge | **23** Individuals |
| Sections 505 (a)+(b) were applied **one time** to charge | **1** Individual |

There are **11 lawsuits with 50 individuals charged by the application of Section 505 (a) and (b) of Penal Code** during the 2019's first six months. Section 505 (c) had been usually used to file charges in 2018, but it was not applied in first half of 2019.





In the 11 cases with 505 (a) and (b), the government lodged three charges; the military lodged seven charges and the National League for Democracy (NLD) filed one charge. In pressing charges, the government applied only 505 (a), but the military used both 505 (a) and (b). The respective township courts dropped charges against Sayadaw U Thaw Bi Ta who was sued by the army with 505(b). The military pressed charges against U Nay Myo Zin who is currently under detention while facing legal proceedings. The military pressed charges against him by both 505 (a) and (b) for conducting public talk about the constitutional amendment and the current political situations in A-Phyouk Township, Yangon.

# Application of Law Protecting the Privacy and Security of Citizens for Prosecution

The Law Protecting the Privacy and Security of Citizen (LPPSC) was enacted in March 2017, and if found guilty, the highest sentence of this law is a 3-year imprisonment. Often, the Law Protecting the Privacy and Security of Citizen is used to silence freedom of expressions. Since enacted, there have been 28 cases charged under this law and 21 cases with 78 individuals were affected in the first six months of 2019.

**21** Cases

**78** Individuals





***Monthly charges***

The 27-month-old *Law protecting the Privacy and Security of Citizen* became instrumental in charging against free expression cases, leading the number of cases under that law to increase tremendously in the six months of 2019.

The ordinary citizens are biggest group in facing charges under this law- being charged for the reasons from practicing online self-expression to submitting public complaints to the relevant authorities, including the State Counsellor. There is a case filed by a member of NLD party against an individual for his/her online criticism of General Aung San.

***Classification of defendants***




**Third-party complaints**

Despite its legal standard shortcomings, there are some cases of an intermediary person filing a complaint under 'Law protecting the Privacy and Security of Citizen'. On behalf of the Chief Minister of Kayah State, a citizen filed a complaint against youth activists for allegedly defaming him.

## Other significant Cases Violating Freedom of Expression

### Internet Shutdown

Since June 21, the internet was shut down in 9 townships in Rakhine and Chin States where armed conflicts between the Myanmar military and Arakan Army (AA) continue. Referencing Telecommunication Act (77), the Union Government authorised the Ministry of Transport and Telecommunications to instruct the telecommunication operators in Myanmar to cease internet access in those townships.

### Restrictions and obstacles that whistleblowers face


During her visit to Ma-U-Bin township of Irrawaddy Region, a farmer complained about land confiscation cases to the State Counsellor. In return, a local businessman who involved in the controversial land issues filed a complaint against the farmer under ‘Law protecting the Privacy and Security of Citizen’. A group of 11 individuals and six political parties sent a complaint letter over disputes of land issues to the Yangon Parliamentary committee in January. Later, a committee member, MP Daw Thandar Moe filed charges against 17 complainers under ‘Law protecting the Privacy and Security of Citizen’.

### A prisoner died during detention

Mandalay police force arrested a group of over 50 villagers with several charges for the mass protest over a disputed cement factory in Aung Thapyay village, Mandalay Region. Among the detainees, Ko Htun Myint Win who was arrested together with two others on June 2 was found dead on June 5 in O-Bo prison, Mandalay. The family member witnessed evidence of extensive use of torture on his deceased body.

### Follow Up of the controversial General Aung San bronze statue.

Since 2018, it has been disputed between the local and State government over a plan to install a bronze statue of General Aung San in Kayah State. The local population has staged protests several times, and in return, the State government filed charges against protest leaders applying ‘Law protecting the Privacy and Security of Citizen’ and ‘Penal Code’s Section 505 (b) and (c)’. After more than 3,000 people took a street for mass protests in a manner of resisting the planned bronze statue, an agreement was reached between the state authorities and protestors, and as a result, the State government dropped all charges. Not long after it, the dispute resurfaced again. This time, the State government filed charges against six youth leaders who issued a statement on the conduct of the State Minister.




*Monthly charges during the first six months of 2019*
*(only verified 65 cases during the research period are presented in this report)*

## Legal Recommendations

### 1) Laws which should be abolished

- Telecommunication Laws 66 (d), 68 (a), 77, 78
- Law protecting the Privacy and Security of Citizen Section 8 (f)
- Electronic Transactions Law
- Penal Code's Sections 124(a), 505 (a),505 (b)

### 2) Laws that should be amended per democratic norms and standards

- Defamatory laws should be amended as civil laws in which defamation is decriminalized
- Peaceful Assembly and Peaceful Procession Law should be amended immediately
- Cyber Law should be enacted to protect people's rights and ensure digital security.
- Right to Information Law should be enacted, and the Burma Official Secrets Act should be abolished.

# ၂၀၁၉ ခုနှစ်၊ ပထမနှစ်ဝက်အတွင်း

# လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်

## အခြေအနေ အစီရင်ခံစာ

**အသံ** – လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်လှုပ်ရှားမှုအဖွဲ့

## 2019 Mid-year Report on

# Status of Freedom of Expression

## in Myanmar

**Athan** – Freedom of Expression Activist Organization


Email - athan.info@gmail.com
Website - www.athanmyanmar.org